# ဆုတောင်းပေးရန်အချက်များ

မြန်မာနိုင်ငံကျမ်းစာအသင်းအား
လမ်းပြပို့ဆောင်ကောင်းကြီးပေးသော
ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းရန်၊

မြန်မာနိုင်ငံကျမ်းစာအသင်းအား
ဦးဆောင်လမ်းညွှန်နေသော
စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်
အလုပ်အမှုဆောင်အဖွဲ့ဝင်များအတွက်၊

- မြန်မာနိုင်ငံကျမ်းစာအသင်းအား
ဆုတောင်းပေးခြင်းအားဖြင့်သော်လည်းကောင်း၊
ပေးလှူခြင်းအားဖြင့်သော်လည်းကောင်း
ပါဝင်ကူညီကြသောအသင်းတော်များ၊
အဖွဲ့အစည်းများ၊
တစ်ဦးချင်းအလှူရှင်များ၊
ပံ့ပိုးသူအသင်းသားများ၊
စေတနာ့ဝန်ထမ်းများ
ကျန်းမာရွှင်လန်းလျက်၊ ဝိညာဉ်ခွန်အားပြည့်ဝစွာဖြင့်
အသင်းကြီး၏အမှုတော်လုပ်ငန်းတွင်ဆက်လက်ပါဝင်ဆက်ကပ်ကူညီနိုင်ရန်၊

မြန်မာနိုင်ငံကျမ်းစာအသင်း၏
ဘာသာပြန်ဆိုရေး၊
ပုံနှိပ်ထုတ်ဝေရေး၊
ဖြန့်ချိရေးနှင့်
ရံပုံငွေမြှင့်တင်ရေးအတွက်၊

မြန်မာသမ္မာကျမ်းစာအုပ်များကို
မူရင်းအတိုင်း
ပြည်တွင်း၌ပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက်၊

သမ္မာကျမ်းစာအား

တိုင်းရင်းသားဘာသာအသီးသီးဖြင့်
ပြန်ဆိုနေကြသောဘာသာပြန်ဆိုရေးစီမံကိန်းများ၊
ဘာသာပြန်ဆိုသူများ နှင့်
စီစစ်ပေးသောအတိုင်ပင်ခံပုဂ္ဂိုလ်ကြီးများအတွက်၊

သမ္မာကျမ်းစာကိုပုံနှိပ်ပေးလျက်ရှိသောပြည်တွင်းမှပုံနှိပ်တိုက်များနှင့်
ပြည်ပမှကျမ်းစာအသင်းကြီးများအတွက်၊

ကျမ်းစာအသင်းမှပံ့ပိုးကူညီလျက်ရှိသော
တိုင်းရင်းသားစာပေစီမံကိန်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်၊

မြန်မာနိုင်ငံကျမ်းစာအသင်းကြီးနှင့်
မိတ်ဖက်လုပ်ဆောင်သော
Summer Institute of Linguistics နှင့်
Hosanna-Faith Comes By Hearing Ministry
အဖွဲ့နှင့်လုပ်ငန်းများ အတွက်၊

ကမ္ဘာ့ကျမ်းစာအသင်းများအဖွဲ့ (United Bible Societies) နှင့်
ကျမ်းစာအသင်းအသီးသီးတို့အားဦးဆောင်နေသော
ခေါင်းဆောင်ကြီးများနှင့်လုပ်ငန်းအသီးသီးအတွက်၊

မြန်မာနိုင်ငံကျမ်းစာအသင်းတွင်
ဆက်ကပ်အမှုတော်ဆောင်နေကြသော
ဝန်ထမ်းများနှင့်မိသားစုများသည်
သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျက်
ကျမ်းစာအမှုတော်လုပ်ငန်းကို
စွမ်းအားရှိသမျှပါဝင်ထမ်းဆောင်ရန်၊

နာဂစ်ဆိုင်ကလုံးမုန်တိုင်းဒါဏ်ခံရသောဒုက္ခသည်များ၊
ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်၊

မြန်မာနိုင်ငံရှိယုံကြည်သူတိုင်း
နှုတ်ကပတ်တော်၌မွေ့လျော်၍
ဝိညာဉ်အသက်တာရင့်ကျက်ကြီးထွားစေရန်။